# ၁၉၆၄ ခုနှစ်၊ မြန်မာနိုင်ငံ ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်း ကော်ပိုရေးရှင်းဥပဒေ။

[၁၉၆၄ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေအမှတ် ၂။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

## အခန်း ၁။

### စကားချီး။

၁။ ။ဤဥပဒေကို၊ ၁၉၆၄ ခုနှစ်၊ မြန်မာနိုင်ငံ ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း ကော်ပိုရေးရှင်း ဥပဒေဟုခေါ်တွင်စေရမည်။

၂။ ။ဤဥပဒေတွင်၊ အခြားအဓိပ္ပါယ်ကောက်ယူရန်မလိုလျှင်—

(က) ''ကော်ပိုရေးရှင်း'' ဆိုသည်မှာ၊ ပုဒ်မ ၃ အရ ဖွဲ့စည်းသည့် မြန်မာနိုင်ငံ ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်း ကော်ပိုရေးရှင်းကို ဆိုလိုသည်။

(ခ) ''သင်္ဘောလုပ်ငန်း'' ဆိုသည်မှာ၊ ပြည်ထောင်စု မြန်မာနိုင်ငံပင်လယ်ကမ်းရိုးတန်းနှင့် ပင်လယ်ရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းကိုဆိုလိုသည်။ ထိုစကားရပ်တွင်၊ အစိုးရကအမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်၊ သင်္ဘောလုပ်ငန်းနှင့် ဆက်စပ်သောအခြားလုပ်ငန်းများလည်းပါဝင်သည်။

## အခန်း ၂။

### ကော်ပိုရေးရှင်းဖွဲ့စည်းပုံ။

၃။ ။(၁) အစိုးရသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပင်လယ်ကမ်းရိုးတန်းနှင့် ပင်လယ်ရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို စီမံအုပ်ချုပ်ဆောင်ရွက်ရန် ''မြန်မာနိုင်ငံကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းကော်ပိုရေးရှင်း'' ဟု ခေါ်တွင်စေရမည့် ကော်ပိုရေးရှင်းတခုကို၊ အမိန့်ကြော်ငြာစာဖြင့် ဖွဲ့စည်းရမည်။

(၂) ကော်ပိုရေးရှင်းသည်၊ စဉ်ဆက်မပြတ်ဆက်ခံဆောင်ရွက်နိုင်ခွင့်နှင့်တကွ၊ မိမိပိုင်တံဆိပ်တခုရှိသော တရားဝင်အဖွဲ့ဖြစ်ရမည့်ပြင်၊ အဆိုပါအမည်ဖြင့်တရားစွဲဆိုနိုင်၍၊ တရားစွဲဆိုခြင်းကိုလည်းခံရမည်။

၄။ ။(၁) ကော်ပိုရေးရှင်းတွင်၊အစိုးရကခန့်ထားရမည့်ဥက္ကဋ္ဌနှင့်ဆယ်ဦးထက်မပိုသောအခြားအဖွဲ့ဝင်များပါဝင်ရမည်။ ဥက္ကဋ္ဌသည်၊ ကော်ပိုရေးရှင်း၏ အုပ်ချုပ်ရေးမှူးဖြစ်ရမည်။

(၂) ဥက္ကဋ္ဌမှတပါး ကော်ပိုရေးရှင်းတွင် ပါဝင်သည့်အခြားအဖွဲ့ဝင်များအနက် နှစ်ဦးမှာ၊ အောက်ပါပုဂ္ဂိုလ်များဖြစ်ရမည်—

(က) ကော်ပိုရေးရှင်းကို အုပ်ချုပ်သည့် သက်ဆိုင်ရာ အုပ်ချုပ်မှုဌာနမှ ကိုယ်စားလှယ်။

(ခ) ဘဏ္ဍာရေးနှင့်အခွန်တော်ဌာနမှကိုယ်စားလှယ်။

၅။ ။ဥက္ကဋ္ဌ နှင့် အခြားအဖွဲ့ဝင်များ၏ ရာထူးသက်တမ်းသည်၊ အစိုးရက သတ်မှတ်သည့်အတိုင်းဖြစ်စေရမည်။ အစိုးရသည်၊ဥက္ကဋ္ဌ ကိုသော်၎င်း၊ အခြားအဖွဲ့ဝင် တဦးဦးကိုသော်၎င်း၊ ဥက္ကဋ္ဌ အဖြစ်၊ သို့မဟုတ် အဖွဲ့ဝင်အဖြစ်ဆက်လက်ဆောင်ရွက်ရန် မသင့်ဟုယူဆသည့်အခါ၊ရာထူးမှရပ်စဲနိုင်သည်။

၆။ ။အစိုးရ၏ ရာထမ်းမှုထမ်း မဟုတ်သည့်အဖွဲ့ဝင်များအား၊ အစိုးရက သတ်မှတ်သည့်အခနှင့်စရိတ်ကြေးငွေများပေးရမည်။

၇။ ။(၁) အကြောင်းတခုခုကြောင့်၊အဖွဲ့ဝင်ရာထူးလစ်လပ်သဖြင့်၊ထိုလစ်လပ် သည့်နေရာတွင်အဖွဲ့ဝင်သစ်တဦးကိုဖြည့်စွက်ခန့်ထားသောအခါ၊ထိုသို့ဖြည့်စွက်ခန့်ထား ခြင်းခံရသောအဖွဲ့ဝင်သစ်သည်၊ မိမိအားဖြည့်စွက် ခန့်ထားသည့်နေရာတွင် ဆောင်ရွက်ခဲ့ သည့်အဖွဲ့ဝင်ဟောင်း၏ရာထူးသက်တမ်းကုန်ဆုံးသည့် အချိန်အထိသာ၊ ရာထူးလက်ရှိ ဆောင်ရွက်ရမည်။

(၂) ကော်ပိုရေးရှင်းကစီမံဆောင်ရွက်သည့်မှုခင်းကိစ္စများသည်၊ အဖွဲ့ဝင်ရာထူး လစ်လပ်သည့်အကြောင်းကြောင့်သော်၎င်း၊ အဖွဲ့ဝင်တဦးဦးခန့်ထားရာတွင် ချွတ်ယွင်း ချက်တခုခုရှိသည့်အကြောင်းကြောင့်သော်၎င်း မပျက်ပြယ်စေရ။

## အခန်း ၃။

### ကော်ပိုရေးရှင်း၏ တာဝန်ဝတ်တရားများ။

၈။ ။(၁) ကော်ပိုရေးရှင်းမှာ၊ အစိုးရ၏ကြီးကြပ်အုပ်ချုပ်ခြင်းကို လိုက်နာ လျက်၊ သဘော်လုပ်ငန်းကို၊ ယေဘုယျအားဖြင့်၊ဆောင်ရွက်ရန်တာဝန်ရှိရမည်။

(၂) အထက်ပါပြဋ္ဌာန်းချက်၏ယေဘုယျသဘောကိုမထိခိုက်စေဘဲ၊အထူးအား ဖြင့်၊အဆိုပါတာဝန်ဝတ်တရားများတွင်၊အောက်ပါတို့လည်းပါဝင်ရမည်—

(က) သဘော်များ၊စက်ပစ္စည်းနှင့်ကိရိယာတန်ဆာပလာများ၊ဝတ္ထုပစ္စည်း များ၊ယာဉ်များ၊မြေနှင့်အဆောက်အဦများကိုဝယ်ယူခြင်း၊ဆောက် လုပ်ခြင်း၊ ငှါးရမ်းခြင်း၊ရောင်းချခြင်း၊ သို့မဟုတ်ထုခွဲခြင်း၊ ထို့ပြင် ၎င်းတို့ကို အစိုးရကလွှဲပြောင်းပေးအပ်လျှင်လက်ခံခြင်း။

(ခ) သဘော်လုပ်ငန်း၏အထောက်အပံ့ဖြစ်သောအခြားစပ်ဆိုင်ရာလုပ်ငန်း မျိုးတခုခုကိုစီမံထားရှိခြင်း။

(ဂ) လူစီးခများ၊ ကုန်တင်ခများနှင့်အခြားအခကြေးငွေများကိုသင့်လျော် အောင်သတ်မှတ်ခြင်း၊ ၎င်းတို့ကိုပြင်ဆင်ခြင်း၊ ပြန်အမ်းခြင်း၊ ပြန် လည်ခွဲဝေပေးခြင်း။

(ဃ) သဘော်လုပ်ငန်းသဘောအရ၊ အာမခံထားသည့် ကိစ္စများအတွက် တာဝန်ယူပေးဆပ်ခြင်း။

(င) ယေဘုယျအားဖြင့်၊ ဤဥပဒေပါ ကိစ္စများကို ဆောင်ရွက်ခြင်း။

၉။ ။ကော်ပိုရေးရှင်းသည်၊ မိမိတာဝန် ဝတ်တရားများကို ဆောင်ရွက်ရာ၌၊ ကုန်သွယ်လုပ်ငန်းစည်းမျဉ်းများအတိုင်း ဆောင်ရွက်ရမည့်ပြင်၊ လိုက်နာရမည့်မူဝါဒနှင့် စပ်လျဉ်း၍၊ အစိုးရကအခါအားလျော်စွာ၊ မိမိအားညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

၁၀။ ။ကော်ပိုရေးရှင်းသည်၊ မိမိ အစည်းအဝေး အားလုံးနှင့် စပ်လျဉ်း၍ လုပ်ငန်းအစီအစဉ်မိတ္တူနှင့် မှတ်တမ်းမိတ္တူကို အစိုးရထံပေးပို့ရမည်။

၁၁။ ။ကော်ပိုရေးရှင်းသည်၊ ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီးနောက်၊ ဆောလျင်နိုင်သမျှဆောလျင်စွာ၊ ထိုနှစ်အတွင်းမိမိ၏တာဝန်ဝတ်တရားဆောင်ရွက်ခြင်းနှင့်၎င်း၊ မိမိလိုက်နာသည့်မူနှင့်၎င်း၊ လုပ်ငန်းစဉ်များနှင့်၎င်း စပ်လျဉ်း၍၊ အစိုးရထံအစီရင်ခံစာတင်သွင်းရမည်။

## အခန်း ၄။

### ကော်ပိုရေးရှင်း၏အာဏာများ။

၁၂။ ။ဤဥပဒေဖြင့် အပ်နှင်းထားသည့်အာဏာများ၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ၊ ကော်ပိုရေးရှင်း၌၊ ဤဥပဒေအရ မိမိ၏ တာဝန် ဝတ်တရားများကို ဆောင်ရွက်ရန်လိုအပ်သော၊ သို့မဟုတ် သင့်တော်သောမည့်သည့်ကိစ္စကိုမဆို ဆောင်ရွက်နိုင်သည့်အာဏာများရှိရမည်။ ထို့ပြင် အဆိုပါအာဏာများတွင်၊ အောက်ပါအာဏာများလည်းပါဝင်ရမည်—

(က) ဥက္ကဋ္ဌ အား၊ ဤဥပဒေပါ ကိစ္စများဆောင်ရွက်ရန်အလို့ငှါ၊ ကော်ပိုရေးရှင်းကလိုအပ်သည်ဟုထင်မြင်သည့် ကော်ပိုရေးရှင်း၏ တာဝန်ဝတ်တရားနှင့်အာဏာများကို လွှဲအပ်နိုင်သည့်အာဏာ။

(ခ) အဖွဲ့ဝင်နှစ်ဦးဖြစ်စေ၊ နှစ်ဦးထက်ပိုသောအဖွဲ့ဝင်များဖြစ်စေ၊ ပါဝင်သည့် ကော်မီတီများကိုခန့်ထား၍၊ ဤဥပဒေပါကိစ္စများဆောင်ရွက်ရန်အလို့ငှါ၊ ကော်ပိုရေးရှင်းက လိုအပ်သည်ဟု ထင်မြင်သည့်မိမိ၏ တာဝန်ဝတ်တရားနှင့် အာဏာများကို လွှဲအပ်နိုင်သည့်အာဏာ။

၁၃။ ။(၁) ကော်ပိုရေးရှင်းသည်၊ ဤဥပဒေပါကိစ္စများအလို့ငှါ၊ ထားရှိရန်လိုအပ်သည်ဟု၊သို့မဟုတ် သင့်တော်သည်ဟု၊ မိမိထင်မြင်သောရာထမ်းမှုထမ်းစာရင်းများကို၊ အခါအားလျော်စွာ စီစဉ်ပြီးလျှင်၊ အစိုးရထံတင်ပြ၍ ခွင့်ပြုချက်ရယူရမည်။

(၂) အစိုးရနောက်ဆုံး ခွင့်ပြုသည့် ရာထမ်းမှုထမ်းစာရင်းအားလုံးကို၊ပုဒ်မ ၁၅ အရ ပြုလုပ်သည့် နှစ်စဉ် ရ-သုံးမှန်းခြေငွေစာရင်းနှင့်ပူးတွဲ၍၊ အစိုးရထံတင်ပြရမည်။

၁၄။ ။ကော်ပိုရေးရှင်းသည်၊ မိမိလုပ်ငန်းကို စီမံခန့်ခွဲရန်အလို့ငှါ၊ ဤဥပဒေနှင့်ဖြစ်စေ၊ ဤဥပဒေအရ ပြုသောနည်းဥပဒေများနှင့်ဖြစ်စေ၊ ညီညွတ်သောစည်းကမ်းဥပဒေ

၂/၆၄

များကို၊ အစိုးရ၏ သဘောတူညီချက်ဖြင့် ပြုနိုင်သည်။ ထို့ပြင်၍ဥပဒေဖြင့် အပ်နှင်းထားသော အာဏာများ၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ၊ အထူးအားဖြင့်၊ ထိုစည်းကမ်းဥပဒေများကို၊ အောက်ပါကိစ္စများအတွက် ပြဋ္ဌာန်းရမည်—

(က) ကော်ပိုရေးရှင်း၏ လုပ်ငန်းစီမံဆောင်ရွက်ရေးကိစ္စနှင့်ကော်ပိုရေးရှင်း အစည်းအဝေးများတွင်ဖြစ်စေ၊ ကော်မီတီအစည်းအဝေးများတွင် ဖြစ်စေ၊ လိုက်နာရန် စည်းကမ်းနည်းလမ်းပြဋ္ဌာန်းရေးကိစ္စ။

(ခ) ကော်ပိုရေးရှင်း ရာထမ်းမှုထမ်းများ၏ တာဝန်ဝတ်တရားများနှင့် အာဏာများပြဋ္ဌာန်းရေးကိစ္စ။

(ဂ) ကော်ပိုရေးရှင်းက၊ မိမိ၏ အာဏာများကို ဥက္ကဋ္ဌ၊ ကော်မီတီနှင့် ကော်ပိုရေးရှင်း၏ အရာရှိတဦးဦးအား စည်းကမ်းချက်များထား၍ ဖြစ်စေ၊ မထားဘဲဖြစ်စေ၊ လွှဲအပ်ရေးကိစ္စ။

(ဃ) ကော်ပိုရေးရှင်း ကိုယ်စား၊ ပဋိညာဉ်စာချုပ်များနှင့် အခြားစာတမ်း အမှတ်အသားများလက်မှတ်ရေးထိုးရေးကိစ္စ၊ ထို့ပြင်

(င) ကော်ပိုရေးရှင်းအား အပ်နှင်းထားသော တာဝန်ဝတ်တရားများကို ယေဘုယျအားဖြင့် ထိရောက်စွာ ဆောင်ရွက်ရေးကိစ္စ။

## အခန်း ၅။

### ငွေရေးကြေးရေး ပြဋ္ဌာန်းချက်များ။

၁၅။ ။ကော်ပိုရေးရှင်းသည်၊ မိမိ၏ဝင်ငွေထွက်ငွေများနှင့်စပ်လျဉ်း၍၊ အခြား အစိုးရ လက်အောက်ခံ ဘုတ်အဖွဲ့ ကော်ပိုရေးရှင်းများနည်းတူ၊ ရ-သုံး မှန်းခြေ ငွေစာရင်းကို၊ အစိုးရထံ တင်သွင်းရမည်။

၁၆။ ။ကော်ပိုရေးရှင်းသည်၊ မိမိ၏ဝင်ငွေအားလုံးကို၊ အစိုးရငွေစာရင်းသို့ ရငွေအဖြစ်ထည့်သွင်းရမည်။

၁၇။ ။ကော်ပိုရေးရှင်းသည်၊ မိမိ၏အသုံးစရိတ်များကို၊ အစိုးရက အခါ အားလျော်စွာ ညွှန်ကြားသည့်နည်းလမ်းအတိုင်း ထုတ်ယူသုံးစွဲရမည်။

၁၈။ ။ကော်ပိုရေးရှင်းသည်၊ ဗမာ့ ကြယ်ငါးပွင့်သင်္ဘော ကုမ္ပဏီလီမိတက် နှင့် ရန်ကုန်ဂျေင်စီ ကုမ္ပဏီလီမိတက်တို့၏ အပိုင်ပစ္စည်းများ၊ ရယူပိုင်ခွင့်များနှင့် ပေး ဆပ်ရန်ကြွေးမြီများကို လက်ခံလွှဲပြောင်းယူရမည်။

## အခန်း ၆။

### ကော်ပိုရေးရှင်းနှင့်စပ်လျဉ်း၍ အစိုးရ၏အာဏာများ။

၁၉။ ။(၁) အစိုးရသည်၊ ဤဥပဒေပါကိစ္စများ အထမြောက်အောင် ဆောင်ရွက်ရန်အလို့ငှါ၊ အမိန့်ကြော်ငြာစာထုတ်ပြန်၍၊ နည်းဥပဒေများ ပြုနိုင်သည်။

(၂) အထက်ပါအာဏာ၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ၊ အထူး အားဖြင့်၊အဆိုပါနည်းဥပဒေများကို၊အောက်ပါကိစ္စများအတွက် ပြဋ္ဌာန်းနိုင်သည်—

(က) ဥက္ကဋ္ဌ၏ လစာနှင့် စရိတ်ကြေးငွေများကိုင်၊ အမှုထမ်းစည်းကမ်း များကိုင်၊ ပြဋ္ဌာန်းရန်ကိစ္စ။

(ခ) ကော်ပိုရေးရှင်း အစည်းအဝေး၊ သို့မဟုတ် ကော်မီတီ အစည်းအဝေးအထမြောက်ရန် တက်ရောက်ရမည့်အဖွဲ့ဝင်ဦးရေကို ပြဋ္ဌာန်းရန်ကိစ္စ။

(ဂ) ယေဘုယျအားဖြင့် ပြဋ္ဌာန်းရန် လိုအပ်သော အခြားကိစ္စများ။

၂၀။ ။အစိုးရသည်၊ အများပြည်သူအကျိုးနှင့် သက်ဆိုင်သည်ဟု၊ မိမိထင်မြင်သောကိစ္စများနှင့် စပ်လျဉ်း၍၊ ကော်ပိုရေးရှင်း၏ အာဏာများနှင့် တာဝန်ဝတ်တရားများကို၊ ကော်ပိုရေးရှင်းက မည်သို့ သုံးစွဲဆောင်ရွက်ရမည်ဟုဆင့်ဆိုနိုင်သည်။ ထိုသို့ဆင့်ဆိုသည့်အတိုင်း၊ ကော်ပိုရေးရှင်းက လိုက်နာဆောင်ရွက်ရမည်။

၂၁။ ။အစိုးရသည်၊ ကော်ပိုရေးရှင်းအား၊ ၎င်း၏လုပ်ငန်းဆောင်တာ အရပ်ရပ်ကို ရပ်စဲရန် ဆင့်ဆိုနိုင်သည်။ ထိုသို့ ဆင့်ဆိုသည့် အတိုင်း၊ ကော်ပိုရေးရှင်းက လိုက်နာဆောင်ရွက်ရမည်။

၂၂။ ။(၁) ဤဥပဒေဖြင့် ပေးအပ်ထားသော တာဝန်ဝတ်တရားများကို၊ ကော်ပိုရေးရှင်းက ဆောင်ရွက်ရန် ပျက်ကွက်သည်ဟူ၍ သော်၎င်း၊ ဤဥပဒေဖြင့် အပ်နှင်းထားသော အာဏာများကို၊ ကော်ပိုရေးရှင်းက အလွဲသုံးစွဲသည် ဟူ၍ သော်၎င်း၊ အစိုးရက ယူဆလျှင်၊ အစိုးရသည်၊ ကော်ပိုရေးရှင်းကို ဖျက်သိမ်းကြောင်း အမိန့်ကြော်ငြာစာ ထုတ်ပြန်ကြေညာနိုင်သည်။ ထိုသို့ ထုတ်ပြန် ကြေညာပြီးနောက် ကော်ပိုရေးရှင်း၏ လုပ်ငန်းအရပ်ရပ် စီမံခန့်ခွဲ ညွှန်ကြား ဆောင်ရွက်မှုကို၊ အစိုးရက ခန့်ထားသော ကိုယ်စားလှယ်သို့ လွှဲအပ်ရမည်။ ထိုသို့လွှဲအပ်ခြင်းခံရသော ကိုယ်စားလှယ်သည်၊ ဤဥပဒေအရ၊ ကော်ပိုရေးရှင်းက သုံးစွဲ ဆောင်ရွက်နိုင်သည့်အာဏာနှင့် တာဝန်ဝတ်တရားများကိုသုံးစွဲဆောင်ရွက်ရမည်။

(၂) ဤပုဒ်မအရ ထုတ်ပြန်သော မည်သည့်အမိန့် ကြော်ငြာစာမျှ၊ ခြောက်လထက်ပို၍ အာဏာမတည်စေရ။ သို့သော်လည်း အစိုးရသည်၊ ထိုသို့ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာကို အသစ်ထပ်မံ၍ ထုတ်ပြန်နိုင်သည်။ ထိုသို့ အသစ်ထပ်မံထုတ်ပြန်သည့် အမိန့်ကြော်ငြာစာတိုင်းသည်၊ ခြောက်လထက်ပို၍ အာဏာမတည်စေရ။

ခြွင်းချက်။ ။သို့ရာတွင် အစိုးရသည်၊ ဤပုဒ်မအရ၊ ကော်ပိုရေးရှင်းကို ဖျက်သိမ်းပြီးနောက်၊ မည်သည့်အခါမဆို၊ သင့်တော်သည်ဟု ထင်မြင်လျှင်၊ ပုဒ်မ ၃ အရ ကော်ပိုရေးရှင်းသစ် တခုကို ဖွဲ့စည်းနိုင်သည်။

## အခန်း ၇။

### အထွေထွေ။

၂၃။ ။ကော်ပိုရေးရှင်း အဖွဲ့ဝင်များနှင့်ရာထမ်းမှုထမ်းအားလုံးသည်၊ ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်သောအခါ၊ သို့မဟုတ် ဆောင်ရွက်သည့်သဘောသက်ရောက်သောအခါ၊ ရာဇသတ်ကြီး ပုဒ်မ ၂၁ အဓိပ္ပါယ်အရ ပြည်သူ့ဝန်ထမ်းများဖြစ်သည်ဟု မှတ်ယူရမည်။

၂၄။ ။ကာလစည်းကမ်းသတ် အက်ဥပဒေ (The Limitation Act) ပဋ္ဌမဇယားရှိ အပိုဒ် ၁၄၉ သည်၊ ကော်ပိုရေးရှင်းကဖြစ်စေ၊ ကော်ပိုရေးရှင်း ကိုယ်စားဖြစ်စေ၊ စွဲဆိုသည့် တရားမမှုများနှင့် သက်ဆိုင်စေရမည်။